# ငလျင်

မြန်မာနိုင်ငံသည် ကမ္ဘာ့ငလျင်ကျောကြီး (၂)ခုအနက် တစ်ခုဖြစ်သော Alpide-HimalayaBelt ခေါ် ငလျင်ကြောတွင်ပါဝင်သဖြင့် ငလျင်လှုပ်စေသော ပြတ်ရွေ့များစွာလည်းရှိသည်။ အထင်ကရအားဖြင့် အနောက်ဘက်မှ စလျှင် ကုလားတန် ပြတ်ရွေ့၊ ချင်းတောင်တန်း၊ နာဂတောင်တန်း၊ ရခိုင်ရိုးမတောင်တန်းများ၏ အရှေ့ဘက်အခြေရှိ ကဘော်ပြတ်ရွေ့ မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိ ပြတ်ရွေ့များအရှည်ကီလိုမီတာ (၁၀၀၀)ကျော်ရှိ စစ်ကိုင်းပြတ်ရွေ့၊ အရှည်ကီလို မီတာ (၅၀၀)ကျော်ရှိ ကျောက်ကြမ်းပြတ်ရွေ့၊ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ နန်းမပြတ်ရွေ့၊ ဂျီဟွန်ပြတ်ရွေ့၊ မက်ဇင်းပြတ်ရွေ့၊ နန်းတင်ငယ်ပြတ်ရွေ့၊ ရွှေလီပြတ်ရွေ့နှင့် တည်ရှိသည်။

<u>မြန်မာနိုင်ငံတွင် လှုပ်ခဲ့ဘူးသော ငလျင်ကြီးများ</u>

ငလျင်သည် ကမ္ဘာကြီးစတင်ဖြစ်တည်လာပြီးသည်မှစ၍ ငလျင်များလှုပ်ခဲ့ဘူးပါလိမ့်မည်။ ရှေးခေတ် ကာလများကလည်း လှုပ်ခဲ့ဘူးကြောင်း၊ ဘုရားသမိုင်းများအရလည်းကောင်း၊ မှတ်တမ်းများအရလည်းကောင်း သိရသည်။ မှတ်တမ်းပြုခဲ့သူများကို ကျေးဇူးတင်မိပါသည်။

| | | | | |
|---|---|---|---|---|
| (၁) | ၁၈၃၉ခုနှစ် မင်းကွန်းပုထိုးတော်ကြီး ပျက်စီးစေခဲ့သော အင်းဝငလျင် | | | |
| (၂) | ၃၁. ၈. ၁၉၀၆ | 27° 00' N 97° 00'E | 7.0 | ပူတာအိုငလျင် |
| (၃) | ၁၂. ၈. ၁၉၀၈ | 27° 00' N 97° 00'E | 7.5 | ပူတာအိုငလျင် |
| (၄) | ၂၃. ၅. ၁၉၁၂ | 21° 00' N 97° 00'E | 8.0 | မေမြို့ငလျင် |
| (၅) | ၈. ၈. ၁၉၂၉ | 19° 25' N 96° 25'E | 7.0 | ဆွာငလျင် |
| (၆) | ၅. ၅. ၁၉၃၀ | 17° 00' N 96° 55'E | 7.3 | ပဲခူးငလျင် |
| (၇) | ၃. ၁၂. ၁၉၃၀ | 18° 00' N 96° 50'E | 7.3 | ဖြူးငလျင် |
| (၈) | ၂၇. ၁. ၁၉၃၁ | 25° 60' N 96° 80'E | 7.6 | ကာမိုင်ငလျင် |
| (၉) | ၁၂. ၉. ၁၉၄၆ | 23° 50' N 96° 00'E | 7.0 | တကောင်းငလျင် |
| (၁၀) | ၁၃. ၉. ၁၉၄၆ | 23° 50' N 96° 00'E | 7.0 | တကောင်းငလျင် |
| (၁၁) | ၁၆. ၇. ၁၉၅၆ | 22° 00' N 96° 00'E | 7.0 | စစ်ကိုင်းငလျင် |

| | | | | |
|---|---|---|---|---|
| (၁၂) | ၈. ၇. ၁၉၇၅ | 21° 50' N 94° 70'E | 6.8 | ပုဂံငလျင် |
| (၁၃) | ၅. ၁. ၁၉၉၁ | 23° 48' N 95° 98'E | 7.1 | တကောင်းငလျင် |
| (၁၄) | ၂၂. ၉. ၂၀၀၃ | 19° 94' N 95° 72'E | 6.8 | တောင်တွင်းကြီးငလျင် |
| (၁၅) | ၁၇. ၁၂. ၁၉၂၇ | 16.950 N 96.127E | 7.0 | ရန်ကုန်ငလျင် |
| (၁၆) | ၂၄. ၃. ၂၀၁၁ | 20° 705' N 99° 949'E | 6.8 | တာလေငလျင် |
| (၁၇) | ၁၁. ၁၁. ၂၀၁၂ | 23° 009' N 95° 884'E | 6.8 | သပိတ်ကျင်းငလျင် |
| (၁၈) | ၂၇. ၁၂. ၂၀၁၅ | 22.614N-95.04E | 5.4 | မုံရွာ- ကနီ ငလျင် |
| (၁၉) | ၁၃. ၄. ၂၀၁၆ | 23° 133' N 94° 900'E | 6.9 | မော်လိုက်ငလျင် |
| (၂၀) | ၂၄. ၈. ၂၀၁၆ | 20° 919' N 94° 579'E | 6.8 | ချောက်ငလျင် |

ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးအား ကီလိုမီတာ (၇၀)ကျော်မိုင်အားဖြင့် မိုင် (၅၀)နီးပါးအထူနှင့် အိန္ဒိယတိုက်အကျယ်အဝန်းတမျှ ထုထည်ရှိသော ကျောက်ထုချပ်ပေါင်း (၁၅)ချပ်ကျော်ဖြင့် ဖုံးအုပ်ထားသည်။ သူတို့သည် ရပ်တန့်၍မနေတည်ငြိမ်မှုမရှိ ရွေ့မျောနေကြသည်။ ၎င်းတို့၏ အရွေ့သည် ကျောက်ထုချပ်များ အောက်ရှိ ကမ္ဘာအလယ်လွှာ၏ ကျောက်ရည်ပူလည်ပတ်စီးကြောင်းကြောင့် ရွေ့နေကြခြင်း ဖြစ်သည်။ ထိုသို့ ရွေ့မျောနေသည့် အခြေအနေမှ တစ်ချိန်ချိန်တွင် တစ်ချပ်နှင့်တစ်ချပ်မျက်နှာချင်းဆိုင်ဆုံကြ သည်။ ထိုအခါ ရှေ့ဆက်မရွေ့နိုင်သည့် အနေအထားတွင် ဘေးတိုက်ပွတ်ဆွဲ၍ ဆန့်ကျင်ရာကို ရွေ့သါးစေသည်။( ဘေးတိုက်ပြတ်ရွေ့)
တစ်ခါတစ်ရံ သိပ်သည်းဆများ၍ လေးသော ကျောက်ထုချပ်က သိပ်သည်းစနည်း၍ ပေါ့သော ကျောက်ထုချပ်အောက်သို့ ထိုးစိုက်ဝင်သွားလေ့ရှိသည်။ ၎င်းကို ထိုးစိုက်ဇုံ Subduction Zone ဟုခေါ်သည်။ တစ်ခါတစ်ရံ ၎င်းကျောက်ထုချပ်၏ အောက်ရှိ ကျောက်ရည်ပူများသည် ကျောက်ထုချပ်အက်ကြောင်းများမှတဆင့် မျက်နှာပြင်ပေါ် တိုးဝင်နေရာယူခြင်းဖြင့် ကျောက်ထုချပ်ကို ဘေးဘက်သို့ တွန်းဖယ်တတ်သောအခါမျိုးလည်းရှိသည်။

Subduction Zone (ခေါ်) ထိုးစိုက်ဇုံဆိုသော ဝေါဟာရသည် အများအားဖြင့် နားလည်ရန်မလွယ်သော တစ်နည်းအားဖြင့် ယဉ်ပါးသော စကားမဟုတ်သော တနည်းအားဖြင့် ဘူမိဗေဒဘာသာရပ်အသုံးအနှုန်းတစ်ခု ဖြစ်သော ဝေါဟာရဖြစ်သည်။ ယခုဩဂုတ်လ (၂၄)ရက်

၂၀၁၆ခုနှစ် ညနေ (၅း၀၅)နာရီ ချောက်မြို့ အနောက်ဘက် (၂၅)ကီလိုမီတာအကွာဗဟိုပြု၍ အင်အား ပမာဏ(၆. ၈)အနက်အားဖြင့်(၈၄. ၁)ကီလိုမီတာတွင်မြန်မာနိုင်ငံ၏အသဲနှလုံးတမျှအရေးခမ်းနားလှသော ပုဂံဘုရား (၄၀၀)ကျော်ပျက်စီးခဲ့ရသော ငလျင်ကြောင့် ထိုငလျင်ကို လှုပ်စေသည့် Subduction Zone ကို အပြောများလာခဲ့သည်။ သို့သော် အဘယ့်ကြောင့် Subduction Zone ကြောင့် လှုပ်ရသည်ဟု ပြောရသည့်အကြောင်းရင်းကိုသိပ္ပံဘာသာရပ် အကျွမ်းတဝင်ရှိသူများ ဗဟုသုတကြွယ်ဝသူများသာလျှင် သဘော ပေါက်လိမ့်မည်။ ထို့ကြောင့် ဤဆောင်းပါးကို အလွယ်တကူသိမြင်ရန် ဗဟုသုတအနေဖြင့် အကျဉ်းမျှ ရေးသားရပါသည်။

ငလျင်ဆိုလျှင် ပြတ်ရွေ့မှာသာလှုပ်လေ့လှုပ်ထရှိသည်။ မြန်မာနိုင်ငံတွင် လှုပ်ခဲ့ဘူးသောငလျင်အားလုံးသည် ကဘော်ပြတ်ရွေ့တွင်ဖြစ်စေ၊ စစ်ကိုင်းပြတ်ရွေ့တွင်ဖြစ်စေ အခြားသော ပြတ်ရွေ့များတွင်သာ လှုပ်ခဲ့သည်ဖြစ်၍ ငလျင်လှုပ်ပြီဟုဆိုလျှင် ထိုးစိုက်ဇုံခေါ် Subduction Zone တွင် လှုပ်သည်ကို မကြားဘူးကြပေ။ ကျောက်ထုချပ် (plate) များ တစ်ချပ်နှင့်တစ်ချပ်မျက်နှာချင်းဆိုင် ဆုံသည့်အခါ ဖြစ်တတ်သော ပုံစံများပင်ဖြစ်သည်။ Subduction Zone ခေါ် ထိုးစိုက်ဇုံဟု ဆိုရာတွင် ကမ္ဘာမျက်နှာပြင်တွင် ထင်ရှားသော ဘူမိအနေအထားများနှင့် မြေအသွင်အပြင်များစွာပါဝင်သဖြင့် (Zone) ဇုံဟု ထည့်သွင်းအသုံးပြုခြင်းဖြစ်သည်။ အလွန်နက်ရှိုင်း၍ ရှည်လျားသော ပင်လယ်ချိုင့် (Trench) အလွန်မြင့်မားသော မြေပေါ်၊ တောင်တန်း၊ သက်ရှိမီးတောင်များဇုံတွင် ပါဝင်နေသည်။ ထိုးစိုက်ဇုံတွင် ငလျင်လှုပ်ခြင်းကြောင့် ပင်လယ်ခြေနိမ့်ကျသွားခြင်းကို ဖြစ်စေသဖြင့် ၎င်းနှင့်တွဲဖက်၍ မြေပြိုခြင်း၊ ပင်လယ်အောက်အနေအထားပျက်ယွင်းခြင်းများ တစ်ခါတစ်ရံတွဲ ဖက်ဖြစ်ပျက်စေသည်။ ထင်ရှားသော အဓိကအချက်မှာ မြေအောက်အနက်တွင် လျှင်မြန်သွက်လက်စီးဆင်း နေသော ရွှံ့ရည် မြေပေါ်သို့ ရွှံ့မီးတောင်ပေါက်ခြင်း၊ ၎င်းနှင့်အတူ ပြာများမြေပြင်အမြင့်သို့ ထိုးတက်လာခြင်းတို့ ပင်ဖြစ်သည်။ (ရခိုင်၊ ကျောက်ဖြူဒေသရွှံ့မီးတောင်ပေါက်ခြင်း၊ ရွှံ့ရည်များစီးဆင်းနေခြင်း၊ မင်းဘူးနဂါးပွက် မီးတောင်ပေါက်ခြင်း)

ထိုးစိုက်ဇုံ Subduction Zone ဟုဆိုရာတွင် ထိုးစိုက်သွားသော ကျောက်ထုချပ်သည် ပင်လယ်အောက်ရှိ ပင်လယ်ပြင်ဆိုင်ရာ ကျောက်ထုချပ်ဖြစ်သဖြင့် ၎င်းစတင်ထိုးစိုက်ဝင်ရာအနားသတ်ကို Mega-Thrust ပြတ်ရွေ့လွန်ဟု ခေါ်သည်။ ယခုချောက်ငလျင်ကို လှုပ်စေသော အဆိုပါပြတ်ရွေ့လွန်မှာ တောင်-မြောက်

မိုင်ပေါင်း(၂၀၀၀)နီးပါးရှည်လျားသည်။တောင်ဘက်အင်ဒိုနီးရှားနိုင်ငံကမ်းလွန်ပင်လယအောက်ဆူမတြား ကျွန်း၊အနောက်ဘက်ကမ်းလွန်ပင်လယ်အောက်၊ကပ္ပလီကျွန်းစုအနောက်ဘက်ကမ်း လွန်ပင်လယ်အောက်၊ မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်း၊ အနောက်ဘက်ကမ်းလွန်ပင်လယ်အောက်၊ ဘင်္ဂလား ပင်လယ်အော်အရှေ့ဘက်နှင့် မြောက်ဘက်ရှိ ရခိုင်ကမ်းရိုးတမ်း၏ အနောက်ဘက်နားမှ ကပ်၍ ဘင်္ဂလားဘက်ရှိ နိုင်ငံတွင်းအောက်ကုန်းတွင်းပိုင်းသို့ ဆက်လက်-ဆက်သွားခါ မြန်မာနိုင်ငံအနောက်မြောက်ဘက်၊ နာဂတောင်တန်း၊ ချင်းတောင်တန်းများ၏ မြေအောက်ဘက်ထိဆက်လျှက်တည်ရှိသည်။

ယခုချောက်ငလျင်သည် ထိုးစိုက်ဇုံကြောင့်လှုပ်သော ငလျင်ဖြစ်သည်။ အချို့က ကဘော်ပြတ်ရွေ့ကြောင့် လည်းကောင်း၊ အချို့က စစ်ကိုင်းပြတ်ရွေ့ကြောင့်ဟုလည်းကောင်းဆိုကြသည်။ ထိုးစိုက်ဇုံတွင် လှုပ်သွားသည် ကို ရုတ်တရက်မဆိုကြပေ။ ငလျင်လှုပ်စေသော ငလျင်လှုပ်ပုံဖြစ်စဉ်နှင့် အကြောင်းရင်းအချက်အလက်ကိုအသေအချာဆန်းစစ်ရပါမည်။ဤချောက်ငလျင်တွင်ရှိသောအချက်အလက်များကို ဆန်းစစ်မည်ဆိုလျှင် အမေရိကန်နိုင်ငံဘူမိဗေဒ လေ့လာရေးအဖွဲ့အစည်းမှ ထုတ်ပြန်သော ငလျင်ဆိုင်ရာအချက်အလက်များကို ဦးစွာကြည့်ရပါမည်။ အချက်အလက်အလွန်ပြည့်စုံသည်။

(၁) ငလျင်ဗဟိုတည်နေရာ

(၂) ငလျင်၏ ဗဟိုချက်

(၃) ငလျင်၏ အနက် (တိမ်သည်လား၊ နက်သည်လား)

(၄) ငလျင်ဗဟို၏ မြေမျက်နှာသွင်ပြင်

(၅) ငလျင်လှုပ်စေသည့်ဖြစ်စဉ်ကို ဖော်ပြပေးနိုင်သည့် ငလျင်လှိုင်းများမှ တဆင့်ရရှိလာသည့် ပြတ်ရွေ့အနေအထား (Focal mechanism) ကို သေချာကြည့်မည်။ (အလွယ်တကူအားဖြင့် beach ball)

(၆) Moment Tensor ဆိုသော ငလျင်စတင်လှုပ်ရာနေရာ၏ အချက်အလက်များ Source Parameters) နှင့် ငလျင်အရွေ့အနေအထားကိုကြည့်ရမည်။

(၇) တဖန်ငလျင်လှုပ်စဉ်အတွင်း ငလျင်နှင့်တွဲဖက်ဖြစ်ပေါ်လာတတ်သော ဖြစ်စဉ် (ဥပမာ-ယခုချောက်ငလျင်နှင့်တွဲဖက်လာသော ရွှံ့မီးတောင်ပေါက်ခြင်းများ)

(၈) ငလျင်ဒဏ်ခံစားရသောဒေသများ (ကျဉ်းကျဉ်းမှာသာ ခံစားရခြင်း (သို့) ဒေသကျယ်ကျယ်ပြန့်ပြန့်မှာခံစားရခြင်း) (ယခုငလျင်ကြောင့် ရန်ကုန်မြို့ထိခံစားရသည်။)

(၉) အပျက်အစီးအနည်းအများ (ယခုချောက်ငလျင်ကြောင့် ပုဂံဘုရားများအပါအဝင်၊ တောင်တွင်း ကြီးဒေသ၊ ညောင်ဦးဒေသ၊ ချောက်၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ရခိုင်ဒေသ ကျောက်ဖြူ တောင်ကုတ်၊ မြောက်ဦး၊ မင်းဘူး၊ ဆင်ပေါင်ဝဲ၊ ပျဉ်းမနား၊ ပွင့်ဖြူ ဆိပ်ဖြူ ပျဉ်းမနားအစရှိ သော မြို့များစွာတွင် ဘုရားပုထိုး၊ ဘုန်းကြီးကျောင်း၊ အိမ်၊ ကျောင်းများ အပျက်အစီးရှိခြင်း)

(၁၀) ငလျင်လှုပ်ပုံမည်သို့ လှုပ်သနည်း (တော်လဲသံကြားရခြင်းမျိုး၊ လှုပ်နေစဉ်ဘေးတိုက်ခါရမ်းသည့်လား အထက်အောက်လှုပ်သည်လား) ယခုချောက်ငလျင်ကြောင့်အပေါ်/အောက်လှုပ်ခြင်းက ပို၍ ပြင်းထန်သည်ဟုသိရသည်။

(၁၁) ငလျင်လှုပ်ချိန် (ကြာခြင်း၊ မကြာခြင်း) ယခုငလျင်သည် (၁)မိနစ်ခန့်ကြာသည်

ဟူသော အချက်ပါင်းများစွာကို ဆန်းစစ်ပြီးမှသာ ငလျင်ဘယ်ကလှုပ်သည်ကို သေချာစွာသိရှိရမည်ဖြစ်သည်။ "Subduction "ကြောင့် ငလျင်လှုပ်သည်ပြောရန် အထက်ပါ အကြောင်းရင်းအချက်အလက်များ ပြည့်စုံစွာ လက်ဝယ်ရှိမှသာ ထုတ်ဖော်ပြောသင့်ပါသည်။ အချက်အလက်အစုံရရှိရန် အလွန်အရေးကြီးပါသည်။

င့် ငလျင်လှုပ်ပုံများသိရှိရန် (၃. ၉. ၂၀၁၆)နေ့တွင် မြန်မာနိုင်ငံငလျင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များပါဝင်သော လူဦးရေ (၄၀)ခန့်သည် ပုဂံဘုရားများရှိရာသို့ သွားရောက်၍ ပျက်စီးမှုအခြေအနေဆန်းစစ်ရန် သွားရောက်ခဲ့ကြသည်။ ဘုရားများ သည် အပေါ်ဆုံးပိုင်းတွင်ပို၍ ပျက်စီးပြီး အလယ်ပိုင်းတွင် အနည်းငယ်ပျက်စီးမှုတွေ့ရပြီး အောက်ပိုင်းမှာ ပျက်စီးမှုအလွန်နည်းသည်ကို ခြုံငုံ၍ ပြောရပါမည်။ ငလျင်လှုပ်ပုံအား ဒေသခံများအား မေးမြန်းကြည့်သော အခါ အထက်ဘက်သို့ (၃)ကြိမ်မျှ မြင့်တက်လိုက်ပြန်ကျလိုက် (၃)ကြိမ်ခန့်ဖြစ်ပြီးမှ ဘေးတိုက်ခါရမ်းကြောင်း သိရသည်။

ဆိုလိုသည်မှာ အထက်-အောက်လှုပ်ရှားမှုက ပို၍သိသာမှုရှိသည်။ ဤသည်မှာ ပြတ်ရွှေ့လွန်တို့၏ သဘောတရားပင်ဖြစ်သည်။

ကျောက်ထုချပ်ထိုးစိုက်၍ ကမ္ဘာ့အလယ်လွှာသို့ ဆင်းသွားသေ India Plate ကျောက်ထုချပ်ကြောင့် တစ်ဘက်ရှိ Burma plateကျောက်ထုချပ်သည် အပေါ်အမြင့်သို့ မြင့်တက်သွားရသည့်အတွက် ငလျင်စတင်လှုပ်ရသည်ဖြစ်သည်။ ထိုမှတဖန် မြင့်တက် သွားသော ကျောက်ထုချပ်မှာ မြေဆွဲအား (gravity) ဖြင့် ပြန်ကျလာပြီး မြေမျက်နှာပြင်ပေါ်ရှိ ဉာဏ်တော်မြင့် သောဘုရားပုထိုးစေတီများကို ခါရမ်းစေသည်။

ဘုရားများကို လေ့လာဆန်းစစ်ကြည့်သောအခါ ဘုရားများသည် လုံးဝပြိုကျခြင်းမျိုးမရှိပေ။ မူလနေရာ မူလပုံသဏ္ဍာန်ရှိနေဆဲ၊ အပေါ်ဆုံးအပိုင်းသာ ပျက်စီးရပြီး ကိုယ်ထည်သည် ယခင်အတိုင်း ခန့်ညားလျက်ပင်။ သို့သော် အပေါ်မြင့်တက်သွားရာမှ ပြန်အကျတွင် မြေပြင်နိမ့်ကျသွားခြင်းပါဝင်လာသည့်အခါ မြေကွဲခြင်း၊ အချို့ဘုရားများနိမ့်ကျနေခြင်း အချို့ဘုရားများ၏ မုခ်ဦးတိုင်လုံးများပတ်လည်အက်၍ဘေးသို့ကားထွက်နေသည့်ပုံသဏ္ဍာန်များတွေ့မြင်ခဲ့ရသည်။ဆောင့်ချလိုက်သလို ပုဂံဘုရားများတည်ရှိရာနေရာတွင် သဲကျောက်၊ ယှေလကျောက်အများစုဖုံးလွှမ်းသော ဒေသဖြစ်သည်။ ဤသို့ ကျောက်ထုချပ်မျက်နှာချင်းဆိုင်ထိပ်တိုက်သည့် ဖြစ်တည်မှုအားကြောင့် ခံစားရသောအင်အားသည် Compressional ခေါ် ဘေးတဘက်စီမှ ဖိတွန်းအား ဒဏ်ကို များစွာဖြစ်ပေါ်စေခဲ့သည်။ ယခင် ၁၉၇၅ခုနှစ်က လှုပ်ခဲ့သော အင်အား (၆.၈)ပုဂံငလျင်ကြောင့် ပုဂံဘုရားများ ပျက်စီးခဲ့ရပုံမှာလည်း တူညီမှုရှိသဖြင့် နောင်ပြင်ဆင်ခဲ့မှုများမှာလည်း ဘုရားများ၏ အပေါ်ပိုင်းကိုသာ ပြင်ဆင် ခဲ့ရဘူးသည်။ ယခင်ပုဂံငလျင်မှာလည်း ထိုးစိုက်ဇုံ၏ လှုပ်ရှားမှုကြောင့် ငလျင်လှုပ်ဟန်ရှိနေသည်။

အမှန်စင်စစ် မြန်မာနိုင်ငံတွင် ဤငလျင်ကြီးတွေသာမက အလတ်စားငလျင်၊ အသေးစားငလျင်ပေါင်း များစွာ (၃.၀၊ ၄.၇၊ ၅.၀) နေ့စဉ်လိုလို လှုပ်နေတတ်သည်။ ငလျင်အင်အားအပြင်းစားမဟုတ်သဖြင့် သတိမထားမိကြသည်သာဖြစ်သည်။ ထိုမကြာခဏလှုပ်တတ်သော ငလျင်များကို အခြေခံ၍ ဒေသ၏ ငလျင် အခြေအနေကို ခန့်မှန်းနိုင်သည်။ ယခုကဲ့သို့ ပုဂံဘုရားများ ချောက်ငလျင်ကြောင့်

ပျက်စီးမှုရှိနေသည်ကို အားလုံး သိရှိကြပြီဆိုသောအခါ ရှေးဟောင်းအမွေအနှစ်အဖြစ်ဖြင့် နှစ်(၁၀၀၀)ကျော် နီးပါး မိုးဒဏ်လေဒဏ်နှင့် သဘာ၀ ဘေးဒဏ်များခံစားခဲ့ပြီးသည့် ဤဘုရားများနောင်နှစ်(၁၀၀၀)ဆက်လက်တည်မြဲစေရန်နည်းပညာသစ်များသုံးရွှေ့ပြန်လည်ပြုပြင်/ပြင်ဆင်ဘိုးလိုအပ်လှပေသည်။ ကမ္ဘာလှည့်ခရီးသွားဦးရေများပြားလာသည်နှင့်အမျှ ဘုရားများအပေးတက်ရောက်ကြည့်ရှုခြင်း၏သက်ရောက်မှုဒဏ်ကလည်း ပို၍များပြားလာနေပြီဖြစ်သည်။ ငလျင်အင်အား (၆. ၈)ဒဏ်ခံစားခဲ့ရပြီး သက်ရှိလူသားများ၏ဒဏ်နှင့်ပေါင်းစပ်လိုက်မည်ဆိုပါကဘုရားများ၏သက်လုံကောင်းမှုအားနည်းသွားမည်ဟု မြင်သည်။ ထို့ကြောင့် ပုဂံဘုရားများကြာရှည်တည်တန့်ခိုင်မြဲစေရေး ရှေးရှုပြီး ပုဂံဘုရားများအားကာကွယ်စောင့်ရှောက်သင့်သည်မှာမြန်မာနိုင်ငံသားများအားလုံးတွင် တာ၀န်ရှိ သည်မှတ်ယူမိပါကြောင်း။




မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်း၊ အနောက်ဘက်ကမ်းလွန်ပင်လယ်အောက်ရှိ Mega Thrust ပြတ်ရွှေ့လွန်







မြန်မာနိုင်ငံတွင် လှုပ်ခဲ့ ဘူးသောငလျင်အားလုံးသည် ကဘော်ပြတ်ရွေ့တွင်ဖြစ်စေ၊ စစ်ကိုင်းပြတ်ရွေ့တွင်ဖြစ်စေ အခြားသော ပြတ်ရွေ့များတွင်သာ လှုပ်ခဲ့သည

ဒေါ်လှလှအောင်
မြန်မာနိုင်ငံငလျင်ကော်မတီ

## လွန်ခဲ့သောနှစ်ပေါင်း (၂၅၄)နှစ်ကာလ သက္ကရာဇ်အားဖြင့် ၁၇၆၂ခုနှစ်

မိုင်ပေါင်း(၈၀၀၀)ကျော်ရှည်လျားလှသောဆွန်ဒါထိုးစိုက်ဇုံသည်တဆက်တည်းအနေဖြင့်တည်ရှိနေသည် မဟုတ်၊ အင်ဒိုနီးရှားကျွန်းများ၏ ကမ်းလွန်မှအနောက်ဘက်ဆူမတြားကျွန်းကမ်းလွန်၊ ၎င်းမှ မြောက်ဘက်ကပ္ပလီ ကျွန်းကမ်းလွန်အထိ၊ ထိုမှတဆင့် မြန်မာနိုင်ငံရခိုင်ကမ်းလွန်မှ မြောက်ဘက်ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ဆက်သွားသော ဤဆွန်ဒါထိုးဆိုက်ဇုံ (သို့) ဆွန်ဒါပြတ်ရွေ့လွန်တွင် အပိုင်းလိုက် တပိုင်းစီဖြင့် အပိုင်းအဆ (၈)ပိုင်း တွဲဆက်ဖွဲ့စည်းထားသည်။ မြောက်ဘက်မှစလျှင်

(၁) နာဂအပိုင်း (2016 Tamathi EQ)

(၂) ထရီပူရအပိုင်း (2016 Mawlaik EQ)

(၃) အာရခန် (ရခိုင်)အပိုင်း (1548 EQ, 1762 EQ., 2016 Chauk EQ)

(၄) မြန်မာနိုင်ငံတောင်ဘက်အပိုင်း - ငလျင်မလှုပ်ဘူးသေး

(၅) ကပ္ပလီ - နီကိုဘာ - အာချေးအပိုင်း (2004 Sumatra EQ)

(၆) ဆီမြူ - ဘာတူးကျွန်းအပိုင်း (1861 EQ, 2005 EQ)

(၇) ပါပူးအား - ဆွန်လမွန်ကျွန်းအပိုင်း (2016, 2017 Solomon EQ)

(၈) ဩစတျေးလျ - ဆွန်ဒါအပိုင်း (1833 EQ)

ဟူ၍ အပိုင်းအဆစ်များအနေဖြင့်ရှိ ပြီးထိုးစိုက်ဇုံငလျင်ကြီးများလှုပ်ခဲ့ဘူးသည်။

အာရခန် (ရခိုင်)အပိုင်းတွင် ထိုးစိုက်ဇုံငလျင်ကြီးများသည် နှစ်ပေါင်း (၂၀၀-၂၅၀)အကြာတွင် တစ်ကြိမ် တစ်ကြိမ် ထပ်လှုပ်လေ့ရှိကြောင်းကို ၁၅၄၈-ခုနှစ်က တစ်ကြိမ်၊ ၁၇၆၂-ခုနှစ်က တစ်ကြိမ်နှင့် ၂၀၁၆ခုနှစ်က တစ်ကြိမ် လှုပ်ခဲ့သည့် သာဓကများအရသိရသည်။

တစ်ဖန် ဆီမြူး- ဘာတူးကျွန်းအပိုင်းမှာမူ နှစ်ပေါင်း (၁၅၀)အကြာတွင် ထပ်မံလှုပ်ဘူးကြောင်းကို ၁၈၆၁ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၅ခုနှစ်တွင်တစ်ကြိမ်လှုပ်ခြင်းမှ သိရှိရသည်။ ၁၇၆၂ခုနှစ် ဧပြီလ ၂ရက်နေ့ ညနေ (၅)နာရီခန့်တွင် အလွန်ပြင်းထန်သော ငလျင်ကြီးသည်။ ပေါက်ကွဲသကဲ့သို့ တောလဲသံကြီးနှင့်အတူ လှုပ်ခဲ့သည်ဟု Mr. Thomas Oldham ဆိုသူက ၁၈၈၃ခုနှစ်ထုတ်အတွဲ - ၁၉၊အပိုဒ် (၃) အိန္ဒိယနိုင်ငံ၊ ဘူမိဗေဒတိုင်းတာရေးစာမူ များ (Memoirs) ထဲတွင် ဖော်ပြထားသည်။

ဤငလျင်ကြောင့် ဘင်္ဂလားပင်လယ်အရှေ့ပိုင်း၏ မြောက်ဘက်ဒေသ၊ ရခိုင်(အာရစန်)ဒေသနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသနေရာအကျယ်အဝန်း ကျယ်ပြန့်စွာငလျင်ဒဏ်ကို ခံစားစေ ခဲ့သည်။ လှုပ်ခါပုံသည် တောင်-မြောက်ဖြစ်၍ အချိန်အားဖြင့် (၁၀)မိနစ်ကြာသည်။ ကလကတ္တားမှ (၁၈)မိုင်အကွာ ရိုဟီဟာတီဒေသတွင် မြစ်ကြမ်းပြင်မှ ၆ပေခန့်အပေါ်သို့ မြင့်တက်သွားသည်။ ဒက္ကာမြို့တွင် မြစ်ထဲမှ လှေများစွာ မြောက်ဘက်ကပ္ပလီ ကျွန်းကမ်းလွန်အထိ၊ ထိုမှတဆင့် မြန်မာနိုင်ငံရခိုင်ကမ်းလွန်မှ မြောက်တက်သွားသဖြင့် လူများစွာအသက်ဆုံးရှုံးရသည်။ လှုပ်ပုံသည် အထက်-အောက်လှုပ်ခြင်းကြောင့်ဖြစ်ဟန်တူသည်။ ထိုသို့မြေပြင်အတက်အကျရှိခြင်းကြောင့်လည်း (၆၀)စတုရန်းမိုင်ခန့်သော အကျယ်အဝန်းသည် မူလနေရာမှ နိမ်ကျသွားရသည်ကို တွေ့ရသည်။ မီးတောင်များပေါက်ပြီး အက်ကြောင်းများစွာလည်း ပေါ်ထွက်ခဲ့ သည့်အပြင် ရေပန်းများ၊ သဲများလည်း ဖြစ်ခဲ့သည်။ ဘင်္ဂလားပင်လယ်ထဲမှ ပင်လယ်ရေများသည် ဆူနာမီအဖြစ် ပြင်းထန်စွာကမ်းခြေသို့ ရိုက်ခတ်ခြင်းဖြင့် ငါးများစွာကမ်းပေါ်တင်စေခဲ့သည်ဟု ဆိုသည်။ ပင်လယ်ကမ်းခြေအဆင့် အဆင့်လိုက် မြင့်တက်နေပုံများကို ဖြစ်ပေါ်စေသည့်အပြင် ပင်လယ်ရေတိမ်ပိုင်းတွင် ကျက်စားသော သန္တာကျောက်ခက်များကိုလည်း ကမ်းပေါ်သို့ရောက်ရှိလာနေသည်ကိုလည်း တွေ့ရှိနေရသည်။ ၎င်းသည် ငလျင်၏ ပြင်းထန်မှု၊ အထက်-အောက်၊ အတက်-အကျကြောင့် ကမ်းခြေမြင့်တက်ခြင်း၊ နိမ့်ကျခြင်းဖြစ်သည်။ အထက်ပါ အချင်းအရာများအားလုံး ပြန်လည်လေ့လာလျှင် ၁၇၆၂-ခုနှစ် ငလျင်ကြီးသည် ဆွန်ဒါထိုးစိုက်ဇုံ၏ အာရခန်(ရခိုင်)အပိုင်းတွင် ကျိုးပြတ်ရွေ့ဆင်းသွားခြင်း၏ ရလာဒ်ငလျင်ကြီးဖြစ်ပြီးအပျက်အစီးဧရိယာကျယ်ဝန်းကြီးပြီး လှုပ်ချက်ပြင်းထန်မှုအရ ငလျင်ပမာဏသည် (၇. ၉)ဟု ခန့်မှန်းရပေမည်။ ထိုအာရခန်အပိုင်းတွင် ငလျင်လှုပ် ခြင်းသည် ၁၇၆၂ခုနှစ်က ကမ်းလွန်ပင်လယ်အောက်အနက်တိမ်တွင် လှုပ်ခဲ့ကြောင်းကို ဆူနာမီဖြစ်ပေါ်မှုမှ ဆိုနိုင် သည်။ ပင်လယ်ပိုင်း ထိုးစိုက်ဇုံငလျင်ဖြစ်သည်။

တဖန်ထိုအာရခန်အပိုင်းကပင် ၂၀၁၆ခုနှစ်က လှုပ်သွားသော ချောက်ငလျင်မှာမူ ဆူနာမီဖြစ်ပေါ်မှုမရှိ ငလျင်ဗဟိုသည် ကုန်းတွင်းပိုင်း၊ ချောက်မြို့၊ အနောက်ဘက် (၂၂)မိုင်၊ အနက် (၈၄)ကီလိုမီတာရှိခြင်းကြောင့် ကုန်းတွင်းထိုးစိုက်ဇုံငလျင်ဖြစ်သည်ကို ကွဲပြားခြားနားစွာမြင်တွေ့ရသည်။

၎င်းအပြင် ဆွန်ဒါထိုးစိုက်ဇုံ (သို့) ဆွန်ဒါပြတ်ရွေ့လွန်၏ အာရခန်အပိုင်းသာမက ၎င်း၏ မြောက်ဘက် အခြားအပိုင်းများဖြစ်သော ထရီပူရအပိုင်းတွင် မော်လိုက်ငလျင်အနေဖြင လည်းကောင်း

နာဂအပိုင်းတွင် ထမသီငလျင် အနေဖြင့်လည်းကောင်း ၂၀၁၆ခုနှစ် ဧပြီလနှင့် အောက်တိုဘာလများတွင် မြောက်အောက်အနက်ပိုင်းကို ဗဟိုပြု၍ လှုပ်သွားခဲ့ပေသည်။ ဤသည်ကိုကြည့်လျှင် ၂၀၁၆ခုနှစ်သည် ထိုးစိုက်ဇုံအပိုင်းများစွာမှ ကုန်းတွင်းပိုင်း(၃)ပိုင်းကို တပြိုင်တည်း လှုပ်စေခဲ့သည်။

လှလှအောင်

မြန်မာနိုင်ငံငလျင်ကော်မတီ